# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၄) ရက်မြောက်နေ့ အစီအစဉ်

# [ ၉-၁၂-၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်များတွင် တာဝန်ထမ်းဆောင်နေကြသူများအား လွှတ်တော်ကိုယ်စားလှယ်များက အဆောတလျင် ဆက်သွယ်အကြောင်းကြားနိုင်မည့် အရေးပေါ် ဆက်သွယ်ရေးလမ်းကြောင်း (Hot Line)တစ်ခု ဖွင့်ပေးထားရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **ပြည်မြို့ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီးများ ဖြည့်တင်းခန့်ထားရန်နှင့် လိုအပ်လျက်ရှိသော ဆေးစတို၊ သွေးဌာနနှင့် ထရန်စဖော်မာ အသစ်တစ်လုံး၊ မီးလိုင်းအသစ်တစ်လိုင်း ချထားပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ **ပင်လည်ဘူးမြို့နယ်အတွင်း ဆက်သွယ်ရေးခက်ခဲသော တောင်ကုန်းတောင်တန်းများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှု ပြည့်ဝစွာ ရရှိရေးအတွက် နောင်တောအုပ်စု၊ တုံးမွန်းကျေးလက် ကျန်းမာရေးဌာနအား အဆင့်တိုးမြှင့်၍ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ နောင်ထော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ် ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့နယ်၊ မိုင်းမားကျေးလက်ကျန်းမာရေးဌာနခွဲနှင့် နမ့်မူဆယ်ကျန်းမာရေး ဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနသို့ အဆင့်တိုးမြှင့်ပေးရန်နှင့် ပန်ယ၊ နမ့်ပေါင်၊ ပန်ညှောင်၊ လွယ်ကြန့်၊ လွယ်ဆမ်ငမ်၊ နမ့်ဟူး၊ နားငင်း၊ ဝမ်းခုံ၊ မန်နောင်ခမ်း၊ နောင်ခမ်း (၁၀) ရွာအား ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံတွင် လစ်လပ်နေသည့် သွားဘက်ဆိုင်ရာဆရာဝန် ချထားပေးရန်၊ ခုတင်(၅၀)ဆံ့ ဆေးရုံအင်္ဂါရပ်နှင့် ညီညွတ်သည့် အဆောက်အဦနှင့် ဝန်ထမ်းများ ချထားပေးရန်နှင့် ကျေးရွာများတွင် လိုအပ်နေသည့် ကျန်းမာရေးမှူးနှင့် သားဖွားဆရာမများ ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာတွင် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းက ဆောက်လုပ်ရန် ခွင့်ပြုခဲ့သည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ဆောက်လုပ်ခွင့်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဓ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်၊ ပြည်သူ့ ဆေးရုံနှင့် တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးဌာနခွဲများ၌ လိုအပ်နေသော ဆေးနှင့် ဆေးကိရိယာများ ရရှိအောင် မည်သို့ဆောင်ရွက်ပေးမည်နှင့် တိုက်နယ်ဆေးရုံများနှင့် ကျေးရွာများ၌ လစ်လပ်လျက်ရှိသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က **"ကျောင်းမုန့်ဈေးတန်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက် ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓါတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီး နှိမ်နင်းနိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော် အဆင့် စီမံချက်တစ်ရပ် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။